## (၆) မဟာယာန ပေါ်ပေါက်လာခြင်း (ဘီစီ ၁ ရာစုမှ အေဒီ ၂ ရာစု)



ကနက်သျှကမင်း၏ ကုရှန်အင်ပါယာ ဗုဒ္ဓ၏ပုံဖြင့် ဒင်္ဂါး (သူ့အမည်အား ဂရိ ဘာသာဖြင့် ဘုဒ်ဒို) အေဒီ ၁၂၀

အေဒီ ၁ ရာစုမှ စ၍ အိန္ဒိယပြည် အနောက်မြောက်ပိုင်းတွင် နိုင်ငံရေး ရှုပ်ထွေးပြောင်းလဲမှုများဖြင့် မဟာယာန ဗုဒ္ဓဝါဒ ထွန်းကားလာခဲ့ပေသည်။ အင်ဒို–ဂရိ ဘုရင့်နိုင်ငံသည် တစ်စစ လွှမ်းမိုးလာပြီး သူတို့၏ ယဉ်ကျေးမှုအား အင်ဒို–စက်သီယန်များနှင့် ဘီစီ ၁၂ ခန့်က စတင်၍ ကုရှန်အင်ပါယာအား ထူထောင်ခဲ့သည့် ယုချီများက လက်ခံ လာခဲ့ပေသည်။

ကုရှန်တို့သည် ဗုဒ္ဓဘာသာအား ထောက်ခံအားပေးသူများ ဖြစ်၍ အေဒီ ၁၀၀ ပတ်ဝန်းကျင်ခန့်က ဂျလန်ဒါ သို့မဟုတ် ကရှ်မီးယားနယ်တွင် ကုရှန်ဘုရင် ကနက်သျှက က စတုတ္ထသံဃာယနာ တစ်ခုကို တင်ခဲ့ပေသည်။ ၎င်းကို ထေရဝါဒမှ ဂိုဏ်းကွဲဖြစ်သော မဟာယာနတို့က တင်ခြင်း ဖြစ်၍၊ ထေရဝါဒများက ထို သံဃာယနာအား အသိအမှတ် မပြုဘဲ ရံဖန်ရံခါတွင် မိစ္ဆာရဟန်းများ၏ သံဃာယနာဟုပင် ဆိုပေသည်။

၎င်းသည် ဗုဒ္ဓဘာသာ သဏ္ဌာန်သစ်ဖြစ်၍ ဗုဒ္ဓအား ထာဝရဘုရားကဲ့သို့ ဆည်းကပ်ပူဇော်သော အယူဖြစ်ပေ သည်။ အယူအဆအားဖြင့် "ဖြစ်တည်မှုတိုင်းသည် ဗုဒ္ဓ၏ သဘာဝ၌ရှိ၍ (ဘုရားဖြစ်ထိုက်သော) လူသားတို့အား ဗုဒ္ဓအဖြစ် ဓါတ်တော်ကူးပေးမှု (ကိန်းဝပ်မှု) ဗုဒ္ဓကိုယ်ပွားအဖြစ် ခံယူပေသည်။ အိန္ဒိယ အနောက်မြောက်ပိုင်းနှင့် ကုရှန်အင်ပါယာတွင်းမှ အယူအဆမျိုးစုံ လွှမ်းနေသော အယူဖြစ်သည် ဟူ၏။"

### (၆–၁) နှစ်ကြိမ်မြောက် စတုတ္ထ သံဃာယနာ

အေဒီ ၁၀၀ ပတ်ဝန်းကျင်ခန့်က ဂျလန်ဒါ သို့မဟုတ် ကရှ်မီးယားနယ်၌ ကုရှန်ဘုရင် ကနက်သျှ လက်ထက်တွင် စတုတ္ထ သံဃာယနာ တစ်ခုကို တင်ခဲ့သည် ဟုဆိုသော်လည်း ထေရဝါဒများအတွက် နှစ်ပေါင်း နှစ်ရာခန့် စော လျှက် သီရိလင်္ကာ၌ ကိုယ်ပိုင် စတုတ္ထ သံဃာယနာ ရှိခဲ့၍ ပါဠိပြဋ္ဌာန်းချက်ကို ပထဦးဆုံးအနေဖြင့် ပေထက် အက္ခရာ တင်ခဲ့ပေသည်။ ထို့ကြောင့် စတုတ္ထ သံဃာယနာမှာ နှစ်ခုဖြစ်၍ တစ်ခုသည် သီရိလင်္ကာတွင်၊ အခြား တစ်ခုသည် ကရှ်မီးယား (**သာဝတ္ထိဝတီ**) တွင် ဖြစ်ပေသည်။



ပြန့်ထွက်လာသော ဗုဒ္ဓဘာသာနှင့် ကုန်သွယ်လမ်းကြောင်း အေဒီ ၁ ရာစု

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

ကရှ်မီးယား စတုတ္ထ သံဃာယနာတွင် ကနက်သျှသည် သံဃာ ၅၀၀ ကို စု၍ **ရှင်ဝိဆုမေတ္တယျ** အား ကြီးမှူး စေခဲ့သည် ဟု ဆိုပေသည်။ အစိတ်အပိုင်းအားဖြင့် ၎င်းသည် အဘိဓမ္မာ၏ အဋ္ဌကထာတွင် ပါဝင်သည် ဖြစ်နိုင် သော်လည်း ၎င်းကိုယ်တိုင် ပြဋ္ဌာန်းချက်ဖြင့် တည်ရှိနေသည်မှာ ဖြစ်နိုင်စရာ ရှိပေသည်။ သံဃာယနာတွင် သုတ် တော်ပေါင်း သုံးသိန်းနှင့် အဆိုပေါင်း ကိုးသန်းကျော်ကို စုဆောင်းလျှက် ပြီးမြောက်စေရန် ၁၂နှစ်ကြာ သည်ဟု ဆိုပေသည်။ ဤသံဃာယနာ၏ အဓိက ဖြစ်ထွန်းမှုမှာ မဟာပရိနိဗ္ဗာနသုတ်ဟု ထင်ခြားသော **သာ၀တ္ထိသတိ** (ကရှ်မီးယား) အဘိဓမ္မာ၏ တိုးချဲ့သော အကိုးအကား သင်္ဂြိုလ်ကျမ်း ဖြစ်သည့် ကျယ်ပြန့်သော  အဋ္ဌ ကထာ ကြီးအား ကျမ်းပြုခြင်းပင် ဖြစ်ပေသည်။

သုတေသီများက ထိုခေတ်ထိုအခါတွင် သာ၀တ္ထိ၀တီ ကျမ်းတော်၌ ရေးကျသော **ပရာခရစ်** ဘာသာမှ သင် သက္ကရိုက် မှတ်တမ်းအဖြစ် ဘာသာစကားမှာ သိသာစွာ ပြောင်းလဲသွားသည်ဟု ယုံကြည်ကြပေသည်။ ဤ ပြောင်းလဲမှုသည် ကျမ်းတော်၏ အနှစ်သာရအား ထိခိုက်နစ်နာမှု မရှိသော်လည်း သင်သက္ကရိုက် ဘာသာ စကားသည် အန္ဒိယတွင် ဗြမ္မဝါဒီများ၏ ကျမ်းသုံး ဘာသာစကားဖြစ်သည့် အပြင် အခြားသော အတွေးအခေါ် သမားများ (ဘာသာ လူမျိုးမခွဲ) လည်း သုံးစွဲကြပေသည်။ ထို့ကြောင့် ဗုဒ္ဓ၏ အယူများသည် ပိုမိုကျယ်ပြန့်သော ပရိတ်သတ်များထံသို့ ရောက်ရှိသွားပေသည်။ ဤသို့သော အကြောင်းဖြင့် အိန္ဒိယရှိ ဗုဒ္ဓပညာရှင်များကြား အဋ္ဌကထာများနှင့် အခြားကျမ်းများကို သင်သက္ကရိုက်ဖြင့် ရေးသားမှုဘက်သို့ ယိမ်းယိုင် အားသာလာခဲ့သည်။ ထေရဝါဒကဲ့သို့ ရေးကျသော ဂိုဏ်းများစွာကမူ သင်သက္ကရိုက်သည် ပေါရာဏ ဘာသာ တရား၏ ဘာသာ စကား ဖြစ်သောကြောင့် ဗုဒ္ဓက သူ၏ ဩဝါဒများကို သင်သက္ကရိုက်သို့ ပြန်ဆိုခြင်းအား ပြတ်သားစွာ တားမြစ်ခဲ့ သည် ဟူ၍ သူတို့၏ကျမ်းစာအား သင်သက္ကရိုက်သို့ ကူးပြောင်းစေခြင်း မရှိခဲ့ပေ။ ဗုဒ္ဓသည် သူ၏ ရဟန်းများအား အများသုံး နားလည်သည့် ဘာသာစကားထက် အရပ်သုံးသာသာစကားများကို သာပြောဆိုရန် လိုလားခဲ့ ပေသည်။ သို့သော်လည်း အချိန်များ ကုန်လွန်လာသောအခါ ထေရဝါဒီများ၏ ကျမ်းသုံး ဘာသာစကားသည် ပေါရဏ အကျဆုံးသော ဘာသာစကားများကဲ့သို့ ဂိုဏ်းသာသာစကား ဖြစ်လာပေတော့သည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com